# ဓမ္မခန္ဓာ (၁၀၈) ပေါများခြင်း (အလ်–ကောင်ဆာရ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၅)၊ သုတ်ဒေသနာ (၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِنَّآ أَعْطَيْنٰكَ الْكَوْثَرَ۞**<br>ကေန်ပင် ငါသည် သင့်အား အလျှံပယ်ပေါများခြင်းကို အပ်နှင်းပြီ။[၁၂၀၈] |
| ၂။<br>☆၂း၃ | **فَصَلِّ لِرَبِّكَ وَانْحَرْ۞**<br>သို့ဖြစ်၍ ကံကြမ္မာရှင်အတွက် မေတ္တာဓိဌာန်ပြုလော့။☆ ပေးဆပ်လော့။[၁၂၀၉] |
| ၃။ | **إِنَّ شَانِئَكَ هُوَ الْأَبْتَرُ۞**<br>ကေန်ပင် သင့်အား ရန်ရှာသူတို့သည် အညွန့်တုံးသွားရလတ္တံ့။[၁၂၁၀] |

---

**(၁၂၀၈)** ဤသုတ်တော်မှ အလျှံပယ်ပေါများခြင်း ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်၏ မေတ္တာအေးရိပ်အား အလွန်ကျယ်ပြန့်စေခြင်းကို ဆိုလိုပေသည်။ ထိုအချက်ကို မေတ္တာဓိဌာန်ပြုလော့ (တစ်ပါးသူများအား မိမိကဲ့သို့ ခံစားစာနာ၍ တစ်သားတည်းပြုလော့)၊ ဆိုသည်နှင့် ပေးဆပ်လော့၊ ဟူသော စကားများက ထောက်ပြလျက် ရှိပေသည်။ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် ကြည့်လျှင်လည်း အောင်မြင်လာလေလေ– ဘုရားတရား၌ ပိုမိုလွှန်ကဲစွာ ခိုင်မာလေလေဖြစ်ရန် သတိပေးထားခြင်း ဖြစ်ပေသည်။ ထိုသင်ကြားချက်မျိုးကို ဓမ္မခန္ဓာ ၁၁၀ တွင်လည်း တွေ့ရပေသည်။

**(၁၂၀၉)** ဤသုတ်တော်မှ ဝေါဟာရ **နဟာရ်** ဆိုသည့် အဓိပ္ပါယ်မှာ– ရင်ဘတ်၏ အထက်ဆုံးသော အပိုင်း ဟု ဖြစ်၍၊ လှိုက်လှိုက်လှဲလှဲ ခံစားချက်ကို ဆိုလိုသည်။ ဆရာတော် အများစုက ထိုစကားလုံးကို **နဟရ** "သူသည် တိရိစ္ဆာန်၏ **ရင်ဘတ် အထက်ဆုံးသော အပိုင်း** (လည်မြို)အား ဓါးကောက်ဖြင့် ချိတ်ချ (လှီးဖြတ်)သည်၊" ဟူသော ဝေါဟာရမှ ဆင့်ပွားသည်ဟု ယူဆ၍– သားကောင်အား လှူလော့၊ ကုရ်ဘာနီ လုပ်လော့– ဟု ပြန်ဆိုသည်များလည်း ရှိပေသည်။ သို့သော် စကားလုံး အရ မှန်ကန်မှု မရှိချေ။ ဤစကားလုံး **နဟာရ်**၏ အနက်မှာ လှိုက်လှိုက်လှဲလှဲပေးဆပ်ခြင်းဖြင့် မိမိကိုယ်မိမိ ပေးဆပ်ရမည်ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် ဘာသာရေး သမားမှန်လျှင် အများအကျိုးအတွက်– အမုန်းခံ၍၊ မျက်နှာအပျက်ခံ၍၊ အနစ်နာခံ၍ ပေးဆပ်ရမည်ဟု အဓိပ္ပါယ်ကို ပေးပေသည်။

**(၁၂၁၀) အာ့ဘ်တားရ်** ဆိုသည်မှာ **ဘတားရ်** မှ ဆင့်ပွားဖြစ်၍– အပြီးအပြတ်ဖြတ်သည်၊ မျိုးဆက်ဖြတ်သည်ဟု ဖြစ်သည်။ သို့ဖြစ်၍ ဤသုတ်တော်တွင် အညွန့်တုံးသွားရစေမည်ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။– အမှန်တရား၏ ရန်သူတို့သည် အချိန်တန်လျှင် လူညွန့်တုံးသွားရမည်မှာ ပရမတ်ဘုရားရှင် (အလ္လာဟ် အရှင်) ချမှန်ပြဋ္ဌာန်းထားသော လောကဓမ္မတာပင် ဖြစ်တော့သည်။